# အိအုချိပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်း

## (Iuchi Charitable Trust Scholarship for International Students in Japan)

## ၂၀၂၄ ခုနှစ် ဧပြီလ ပညာတော်သင်ကျောင်းသားများ ( ၁၀ ကြိမ်မြောက် )

## လျှောက်လွှာစတင်လက်ခံခြင်း

**အိအုချိပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်း**

အိအုချိပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်း(အောက်တွင် "ဖောင်ဒေးရှင်း" ဟု ခေါ်မည်)၏ပညာတော်သင်ထောက်ပံ့ကြေးမှ ဂျပန်နိုင်ငံရှိ တက္ကသိုလ်များတွင် တက္ကသိုလ်ဘွဲ့ အတွက် နိုင်ငံခြားပညာတော်သင်အဖြစ်ပညာသင်နိုင်ရန်၊ Japan Student Services Organization (JASSO) ၏ ဂျပန်စာသင်ကျောင်းတစ်ကျောင်းဖြစ်သော Osaka Japanese Language Education Center (အောက်တွင် "OJLEC" ဟုခေါ်မည်) တွင် ဂျပန်စာသင်ရန်ဆန္ဒရှိသော နိုင်ငံခြားသားကျောင်းသားများထဲမှ အောက်ပါအချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာတင်လို လျှင် လျှောက်လွှာစတင်လက်ခံပြီဖြစ်ပါသည်။ **ထို့အပြင်၊ Iuchi Charitable Trust Scholarship for International Students in Japan အနေနှင့် လျှောက်လွှာခေါ်ယူခြင်းမှာ ယခုအကြိမ်သည် နောက်ဆုံးဖြစ်ပါသည်။**

၁။ ရည်ရွယ်ချက်

ဤပညာတော်သင်ထောက်ပံ့မှုစနစ်သည်ပညာတော်သင်ထောက်ပံ့ကြေးလက်ခံရယူသူ (အောက်တွင် "ပညာတော်သင်ဆုရကျောင်းသား" ဟုခေါ်မည်) သည်ဂျပန်နိုင်ငံတွင်ဘွဲ့ရခြင်းအားဖြင့် ဂျပန်နှင့် ဆက်နွယ်မှုရကာ၊ အနာဂတ်တွင် ဂျပန်နိုင်ငံနှင့် အမိမြန်မာနိုင်ငံအကြား ချစ်ကြည်ရေး ပေါင်းကူးတံတားအဖြစ် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ချစ်ကြည်ရေးပိုမိုနက်ရှိုင်းမှုရရှိအောင် အထောက်အကူပြုသူဖြစ်လာစေရန် ရည်ရွယ်၍ တည်ထောင်ခြင်းဖြစ်ပါသည်။ ယခုနှစ်တွင်လည်း မြန်မာနိုင်ငံ၏ ကျောင်းသားများထဲမှ နိုင်ငံခြားသို့ ပညာသင်သွားရန် အကြပ်အတည်းရှိသော်လည်း ပညာသင်ယူလိုစိတ် နှင့် အရည်အချင်းရှိသူများအား ပညာသင်ထောက်ပံ့ကြေးပေးကာဂျပန်နိုင်ငံတွင် ပညာသင်နိုင်ရန် အခွင့်အလမ်းအဖြစ် လျှောက်လွှာတင်နိုင်ပါပြီ။ အရွေးချယ်ခံရသူများ(အောက်တွင် "ပညာတော်သင်ဆုရကျောင်းသား" ဟုခေါ်မည်) သည်ဂျပန်တက္ကသိုလ်တွင်ဘွဲ့ရကာအမိနိုင်ငံသို့ပြန်လာပြီးနောက်တွင်၊ အမိမြန်မာနိုင်ငံမှ ဂျပန်နိုင်ငံနှင့် ဆက်သွယ်ကာ နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်လာအောင် အကျိုးပြုလုပ်ငန်းများ လုပ်ကိုင်ရန် မျှော်လင့်ပါသည်။

၂။ ပညာတော်သင်အစီအစဥ်များ

ပညာတော်၍ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ ဤဖောင်ဒေးရှင်းမှ သတ်မှတ်သော ဂျပန်နိုင်ငံရှိ တက္ကသိုလ်များ (အောက်တွင် "သတ်မှတ်သော တက္ကသိုလ်" ဟုခေါ်မည်) သို့ ဆက်လက်ပညာသင်ရန် ရည်ရွယ်သူများ အထဲမှ ငွေကြေးအခက်အခဲကြောင့် ပညာတော်သင်သွားရန် ခက်ခဲသူများအား ထောက်ပံ့ကြေးပေးမည်။

ပညာတော်သင်ဆုရကျောင်းသားသည်ဂျပန်စရောက်သည်နှင့် (OJLEC) Osaka Japanese Language Education Center တွင် တက္ကသိုလ်ဝင်ရန် ပြင်ဆင်သည့်သင်တန်း (၂နှစ်) တက်ရမည်။ ထို့နောက်၊ ဖောင်ဒေးရှင်းမှ သတ်မှတ်သော တက္ကသိုလ်၏ ဝင်ခွင့်စာမေးပွဲကို ဖြေဆိုအောင်မြင်သူ အား ပညာတော်သင်ထောက်ပံ့ကြေးကို ဆက်ပေးသွားမည်။ သို့သော်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမအောင်မြင်သူအားပြင်ဆင်ချိန် တိုးပေးခြင်းမရှိ၊ အမိနိုင်ငံသို့ပြန်ရမည်။

ဖောင်ဒေးရှင်းမှ သတ်မှတ်သော တက္ကသိုလ်များမှာ ရှီဂပြည်နယ်၊ ကျိုတိုပြည်နယ်၊ နာရာပြည်နယ်၊ အိုဆာကာပြည်နယ်၊ ဟျိုးဂိုပြည်နယ်၊ဝါကာယာမာပြည်နယ်၊ အိုကာယာမာပြည်နယ်များရှိ နိုင်ငံတော် အစိုးရတက္ကသိုလ်များ ကို အဓိကထားဝင်အောင်လုပ်ရမည်ဖြစ်သည်။ (အခြေခံအားဖြင့်၊ တက္ကသိုလ်ဝင်ပြီး နောက်ပိုင်း တက္ကသိုလ်ပြောင်းခြင်းလက်မခံပါ။)

ထို့ပြင်၊ သတ်မှတ်သောတက္ကသိုလ် ဂင်သွားပြီးနောက် ဖောင်ဒေးရှင်းမှစကော်လာ နှင့် Japan Education Exchanges and Services (JEES) မှ စီမံခန့်ခွဲသော အိအုချိမြန်မာပညာတော်သင်စကော်လာရှစ်(အောက်တွင် " ခန်းမူရီ" ဟုခေါ်မည်) ကိုပူးတွဲရယူခြင်းအား ခွင့်ပြုမည်။

၃။ လျှောက်ထားနိုင်သူ၏ သတ်မှတ်ထားရှိသော အရည်အချင်းနှင့်အချက်များ

(၁) နိုင်ငံသား

လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်ထားချိန်တွင် ဂျပန်နိုင်ငံသားဖြစ်နေလျှင် အခြေခံအားဖြင့် လျှောက်ခွင့်မရှိပါ။ သို့သော်၊ လျှောက်လွှာတင်ချိန်တွင် မြန်မာပြည်တွင်း၌ အဓိကနေထိုင်သူ ဂျပန်နိုင်ငံသားဖြစ်ကာ၊ နိုင်ငံသား(၂)ခုကို ရွေးချယ်နိုင်သူလည်းဖြစ်ပါက၊ ပညာတော်သင်ဗီဇာကို လျှောက်ထားချိန်မတိုင်ခင် မြန်မာနိုင်ငံသား ကိုရွေးချယ်ပြီး၊ ဂျပန်နိုင်ငံသားကိုစွန့်လွှတ်နိုင်သူသာလျှင်လျှောက်လွှာတင်နိုင်သည်။

(၂) အသက်အကန့်အသတ်

အခြေခံအားဖြင့် (၂၀၀၂) ခုနှစ်ဇန်နဝါရီလ (၁)ရက်နေ့မှ (၂၀၀၆) ခုနှစ် ဒီဇင်ဘာလ (၃၁)ရက် အတွင်း မွေးဖွားသူသာလျှင် လျှောက်နိုင်သည်။

(၃) ပညာအရည်အချင်း

အောက်ပါအချက် ( ၂) ချက်စလုံး ပြည့်စုံသူဖြစ်ရမည်။

(က) အခြေခံအားဖြင့်(၂၀၁၉)ခုနှစ် မတ်လ သို့မဟုတ်(၂၀၂၀)ခုနှစ် မတ်လ တွင်ဂျပန်နိုင်ငံ အထက်တန်းကျောင်းနှင့် ညီမျှသော အတန်းကျောင်း (တက္ကသိုလ်ဝင်တန်းစာမေးပွဲ) အောင်မြင်ပြီးသူ။

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၆ ဘာသာစုစုပေါင်းရမှတ် (၄၈၀) နှင့်အထက် ရရှိထားသူ ဖြစ်ရမည်။

(၄) ဂျပန်ဘာသာစကား စသဖြင့်

ဂျပန်ဘာသာစကားကိုလိုလားစွာလေ့လာသင်ယူလိုသူ ဖြစ်ရမည်။ ဂျပန်အကြောင်းလည်း စိတ်ဝင်စားပြီး၊ ဂျပန်ရောက်ပြီးနောက်လည်း ဂျပန်နိုင်ငံအပေါ် နားလည်မှုရှိလာအောင် ကြိုးစားကာ ဂျပန်ဘာသာစကားနှင့် တက္ကသိုလ်ဒုတိယနှစ်ပြီးချိန် မတိုင်ခင်အတွင်း JLPT N1 အောင်ရန်ကြိုးစားဖြေဆိုသူဖြစ်ရမည်။

ထို့ပြင်၊ (၂၀၂၃) ခုနှစ် အောက်တိုဘာလ (ယာယီအစီအစဉ်) မှ (၂၀၂၄) ခုနှစ် မတ်လ အထိဖောင်ဒေးရှင်းက သတ်မှတ်သော ရန်ကုန်မြို့ရှိကျောင်းသို့ တက်နိုင်သူလည်း ဖြစ်ရမည်။

(၅) ကျန်းမာရေး

ဂျပန်နိုင်ငံတွင် ပညာသင်ရန် စိတ်ရောကိုယ်ပါ ကျန်းမာသူဖြစ်ပြီး၊ ဂျပန်နိုင်ငံ၏ ဥပဒေနှင့် ကျောင်းစည်းကမ်းတို့ကို စောင့်ထိန်းလိုက်နာကာ ပညာကြိုးစားဆည်းပူးသူဖြစ်ရမည်။

(၆) ဂျပန်သို့သွားရောက်ရမည့်ကာလ

အခြေခံအားဖြင့် (၂၀၂၄)ခုနှစ် မတ်လ (၂၀)ရက်နေ့မှ (၂၀၂၄)ခုနှစ် ဧပြီ လ ( ၁၀)ရက်နေ့အတွင်း ဂျပန်နိုင်ငံသို့ သွားရောက်နိုင်သူဖြစ်ရမည်။

(၇) ဂျပန်ဗီဇာ

ဂျပန်နိုင်ငံသို့မသွားခင် "Ryugaku" ဟုခေါ်သော ဗီဇာကိုမလွဲမသွေ ရယူပြီး၊ ထို "Ryugaku" ဟုခေါ်သောဗီဇာဖြင့်သာဂျပန်နိုင်ငံသို့ဝင်ရမည်။ အခြေခံအားဖြင့်၊ ထိုဗီဇာ ကို မြန်မာနိုင်ငံရှိ ဂျပန်သံရုံးတွင်သာ ထုတ်ယူရမည်။ ဂျပန်နိုင်ငံသို့ဝင်ရောက်ပြီးနောက်ဂျပန်နိုင်ငံအတွင်း နေထိုင်သော ဗီဇာအမျိုးအစားကို ပညာသင်ဗီဇာ "Ryugaku Visa" မှ အခြားဗီဇာအမျိုးအစားသို့ ပြောင်းလိုက်သူသည် ပြောင်းသည့်အချိန်မှစကာ ပညာတော်သင်ဆုရပ်ဆိုင်းခြင်းခံရမည် ဖြစ်၍ သတိထားပါ။

(၈) အောက်ဖော်ပြပါအချက်များ နှင့် ညီစွန်းသူကို ပညာတော်သင်ဆုပေးမည်မဟုတ်ပါ။ ပညာတော်သင်ဆုရ ပြီးသူဖြစ်ပါကလည်း အောက်ပါအချက်များနှင့် ညီစွန်းခြင်းကိုသိပါက မိမိဘာသာနုတ်ထွက်ရမည်။

(က) ဂျပန်နိုင်ငံသို့သွားသည့်အချိန်တွင် လက်ရှိစစ်တပ်တာဝန်ထမ်းဆောင်သူ (သို့) စစ်တပ်ရာထူးတစ်ခုခု လက်ကိုင်ထားရှိသူ။

(ခ) ဤဖောင်ဒေးရှင်း (သို့) Osaka Japanese Language Education Center မှသတ်မှတ်ရက် အတွင်းဂျပန်သို့ အရောက်မသွားနိုင်သူ။

(ဂ) ဤဖောင်ဒေးရှင်းမှ ပေးသောပညာတော်သင်ဆု အပြင် အခြားပညာသင်ဆုကို လက်ခံရယူနေသူ (သို့) လက်ခံရယူရန်ဆုံးဖြတ်ချက်ရရှိထားပြီးသူ။ (သို့သော်၊ ဖောင်ဒေးရှင်းနှင့် ခန်းမူရီဖောင်ဒေးရှင်းမှ ပညာတော်သင်ဆု ကို တပြိုင်တည်းလက်ခံရယူမှုကို ခွင့်ပြုသည်။)

(ဃ) လျှောက်လွှာတင်ချိန်တွင် နိုင်ငံသား(၂)ခုကို ရွေးချယ်နိုင်သူသည် ဂျပန်နိုင်ငံဝင်ခွင့်ဗီဇာ လျှောက်ထားမည့် အချိန်မတိုင်ခင်အတွင်းဂျပန်နိုင်ငံသားကိုစွန့်လွှတ်ပြီးသားဖြစ်ကြောင်း အထောက်အထားမပြနိုင်သူ။

(င) ဂျပန်နိုင်ငံသို့မသွားခင် ဤဖောင်ဒေးရှင်းမှ သတ်မှတ်သော ရန်ကုန်ရှိကျောင်းသို့ ပုံမှန်တက်ကာ ဂျပန်စာနှင့် လိုအပ်သလို သတ်မှတ်ညွှန်ကြားသော အခြေခံဘာသာရပ်အားလုံး ကို မသင်ယူနိုင်သူ။ (ခိုင်လုံဆီလျော်သော အကြောင်းပြချက်နှင့် ကျောင်းပျက်ခြင်းမှအပ အခြားကျောင်းပျက်ခြင်းလုံးဝခွင့်မပြုပါ။)

၄။ ပညာတော်သင်ထောက်ပံ့ကြေးဆုပေးမည့်အချိန်ကာလ

(၁) (၂၀၂၃) ခုနှစ် အောက်တိုဘာလ (ယာယီ) မှ (၂၀၃၀) ခုနှစ် မတ်လအထိ (၆)နှစ် (၆)လ ကို ပညာသင်ဆုပေးမည်။ သို့သော်၊ ဆေးတက္ကသိုလ်၊ သွားဆေးတက္ကသိုလ်၊ တိရစ္ဆာန်ဆေးတက္ကသိုလ်၊ ဆေးဝါးဗေဒ အထူးပြုတက္ကသိုလ် စသော ၆ နှစ်သင်ဘာသာရပ်များသို့ ဝင်ရောက်ခွင့်မပြုပါ။

(၂) OJLEC တွင်တစ်နှစ်သာတက်ပြီး တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေချင်သူသည် အနည်းဆုံး JLPT N2 အောင်ပြီး၊ EJU ဂျပန်စာအမှတ် (စာစီစာကုံးအမှတ်မပါ) ၂၄၀ အထက်ရရမည်။

(၃) အထက်ပါသတ်မှတ်ကာလ ထက်စော၍ဘွဲ့ရခဲ့လျှင် (သို့) အတန်းကျော်ကာဘွဲ့လွန်တန်းသို့တက်ရန်

တက္ကသိုလ်ကို နုတ်ထွက်ခဲ့ရသည်ရှိသော် ပညာသင်ဆုပေးကာလမှာ ဘွဲ့ရသည် အချိန် (သို့) နုတ်ထွက်သည့်အချိန် အထိသာဖြစ်သည်။

၅။ ပညာတော်သင်ထောက်ပံ့ကြေးစသဖြင့်

(၁) ပညာတော်သင်ထောက်ပံကြေး

ဂျပန်သို့ရောက်ပြီးနောက်၊ အခြေခံအားဖြင့်လစဉ် ယန်းငွေ(၁၁၀,၀၀၀) ထောက်ပံ့ပါမည်။ Osaka Japanese Language Education Center အောင်ပြီး သတ်မှတ်သော ဂျပန်တက္ကသိုလ်သို့ဝင်ပြီးနောက်၊ ခန်းမူရီဖောင်ဒေးရှင်းမှ ပညာတော်သင်ဆု ယူမည်ဆိုလျှင် ခန်းမူရီမှရသော ဆုကြေးပမာဏအတိုင်း ဤဖောင်ဒေးရှင်းမှ ဆုကြေးနုတ်ဖြတ်မည် ဖြစ်သည်။ (သို့သော်၊ ထိုဖောင်ဒေးရှင်း၂ခုတို့မှပေးသော ဆုကြေးသည် ကွာဟမှုမရှိစေရ။) ထို့ပြင်၊ အောက်ပါ အချက် ၁ မှ ၅ အထိသောအချက် များနှင့် ကိုက်ညီနေလျှင် ပညာတော်သင်ဆုပေးမှုရပ်နားခြင်း၊လုံးဝရပ်ဆိုင်းခြင်း၊ ပြန်လည်ရုတ်သိမ်းခြင်းတို့ ပြုလုပ်မည်။ ထို့ပြင် အောက်ပါ အခြေအနေများနှင့် ကိုက်ညီနေလျှက်နှင့်ပညာသင်ဆု ကြေး လက်ခံရယူထားခဲ့လျှင် ထိုကာလများအတွက် ရယူထားသောပညာသင်ဆုကြေးများကို ပြန်အပ်ရမည်။

(က) ကာလရှည်၊ ရက်ရှည် ကျောင်းပျက်ခဲ့လျှင် ပညာတော်သင်ဆုကြေးမပေးပါ။ (※)

(※)တက္ကသိုလ်ကျောင်းပိတ်ရက်ကာလအတွင်း မြန်မာပြည်ခဏပြန်လျှင် (၄)ပတ်အတွင်းသာ ပြန်ရမည်။ မြန်မာပြည် ပြန်သည့်ကာလ (၄)ပတ်ကျော်လျှင် စကော်လာရှစ် (၁)လစာ မပေးပါ။

(ခ) အောက်ပါ (i) မှ (vii) အထိအကျုံးဝင်နေလျှင် ပညာသင်ဆုကြေးပေးခြင်းကို ရပ်ဆိုင်းမည်။

- (i) Osaka Japanese Language Education Center (သို့) သတ်မှတ်သော တက္ကသိုလ်ကိုကျောင်းနားသည့်အခါ (သို့) စာမေးပွဲကျပြီးအတန်းမတက်နိုင်သည့်အခါ
- (ii) Osaka Japanese Language Education Center (သို့)သတ်မှတ်သော တက္ကသိုလ်တွင်ကျောင်းခေါ်ချိန်ပျက် မှုများခြင်း၊ ကျောင်းနောက်ကျသည့် အကြိမ်ရေများခြင်းရှိသည့်အခါ။သို့သော်၊ နေမကောင်း၍ကျောင်းပျက်၊ ကျောင်းနောက်ကျသည့်အခါ ဆရာဝန် ဆေးခန်းပြထားသော ပြေစာတင်ပြရမည်။
- (iii) ဤဖောင်ဒေးရှင်း၏ ကတိဝန်ခံချက်စာပါ အချက်များကို ဖောက်ဖျက်သည့်အခါ
- (iv) ဤလျှောက်လွှာခေါ်စာပါ အချက်များ နှင့် မကိုက်ညီတော့သည့်အခါ
- (v) ပညာတော်သင်ထောက်ပံ့ကြေးဆုရသူအဖြစ်လက်ခံရန်မသင့်သည့်အခြေအနေရှိသည်ဟု ဆုံးဖြတ်သည့်အခါ
- (vi) ဤဖောင်ဒေးရှင်းနှင့် ခန်းမူရီဖောင်ဒေးရှင်း အပြင် အခြားအဖွဲ့အစည်းမှ ပညာတော် သင်ဆုကိုလက်ခံရယူသည့် အခါ
- (vii) ပညာဆက်သင်ရန် ပညာတော်သင်ထောက်ပံ့ကြေးဆုချီးမြှင့်ကာလ ကို သက်တမ်းတိုးပေးရန် လျှောက်ထား လက်ခံခြင်းမရှိဘဲ ဘွဲ့လွန်ဆက်တက်ရန်လုပ်သည့်အခါ

(ဂ) လျှောက်လွှာတင်စဉ်စာရွက်စာတမ်းများတွင် လိမ်လည်ပြုလုပ်ရေးဖြည့်ထားသော အချက်များတွေ့ရှိခဲ့လျှင် ပညာ တော်သင်ဆုပေးခြင်းကို ပြန်လည်ရုတ်သိမ်းမည်။

(ဃ) Osaka Japanese Language Education Center တွင် ပညာသင်ဆဲကာလ အတွင်း အချိန်ပိုင်းအလုပ်လုပ်သည့် အခါ

(င) ဂျပန်ရောက်ပြီးနောက် ဖောင်ဒေးရှင်းခွင့်ပြုချက်မရရှိဘဲ ဂျပန်ပြင်ပသို့ထွက်ခွာသည့်အခါ (Osaka Japanese Language Education Center တွင် ပညာသင်ဆဲကာလအတွင်း ဂျပန်နိုင်ငံ ပြင်ပသို့ လုံးဝသွားခွင့်မပြုပါ။)

(၂) ဂျပန်နိုင်ငံသို့ သွားရောက်မှု ကုန်ကျစရိတ်နှင့်ပတ်သက်၍

(က) ဂျပန်သို့သွားရမည့် ခရီးစရိတ်

ခရီးစဉ်နှင့် ခရီးလမ်းကြောင်းတို့ကို သတ်မှတ်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Osaka Japanese Education Center နှင့် အနီးဆုံးလေဆိပ်အထိ အနိမ့်ဆုံးအဆင့်လေယာဉ်လက်မှတ် ထုတ်ပေးမည်။ ထို့အပြင်၊ အနီးဆုံးလေဆိပ်မှ လိုအပ်သည့် ရုံးကိစ္စများ လုပ်ကာ၊ နေမည့်အဆောင်သို့ သွားသည့်လမ်းစရိတ်လည်းဖောင်ဒေးရှင်းမှ ကျခံမည်။

(ခ) အမိနိုင်ငံပြန်သည့်ခရီးစရိတ်

ပညာတော်သင်ထောက်ပံ့ကြေးဆုပေးကာလ ကုန်ဆုံးသည့်လအတွင်း ပြန်မည့်သူအား ကာယကံရှင် လျှောက်ထားချက်အပေါ် မူတည်ပြီး၊ ဂျပန်ပြည်တွင်းအနီးဆုံးလေဆိပ်မှရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အထိအနိမ့်ဆုံးအဆင့် အပြန်လေယာဉ်လက်မှတ် ထုတ်ပေးမည်။

(မှတ်ချက်) ပညာတော်သင်ထောက်ပံ့ ကြေးပေးကာလပြီးဆုံးသည့်လ အတွင်း ပြန်သည့် စကော်လာရှစ်ရကျောင်းသားကိုသာအပြန်လေယာဉ်လက်မှတ်ထုတ်ပေးမည်။ ပညာတော်သင်ထောက်ပံ့ကြေးပေးကာလပြီးနောက်ဆက်လက် ဂျပန်နိုင်ငံတွင်နေထိုင်မည်ဖြစ်၍ ခေတ္တခဏသာ အမိနိုင်ငံသို့ ပြန်လျှင် ခရီးစရိတ်မထုတ်ပေးပါ။

(ဂ) အထွေထွေစရိတ်

ပတ်စပို့လျှောက်ခြင်း၊ ဗီဇာလျှောက်ခြင်း၊ ဂျပန်သို့ အလာလမ်းခရီးစဉ်အတွက် အာမခံငွေ၊ ဂျပန်ရောက်ပြီး ချက်ချင်းသုံးရန် နေထိုင်စရိတ်စသည့် အထွေထွေစရိတ်အတွက် ယန်း (၁)သိန်း ထုတ်ပေးမည်။ သို့သော်၊ ဂျပန်သွားမည့် ကျောင်းသားနေအိမ်မှ အနီးဆုံး အပြည်ပြည်ဆိုင်ရာ လေဆိပ်အထိခရီးစရိတ်စသည်တို့မှာ ကျောင်းသားကျခံရမည့် စရိတ်များဖြစ်သည်။

(၃) ကျောင်းလခစသဖြင့်

ဤဖောင်ဒေးရှင်းမှ သတ်မှတ်သော ရန်ကုန်မြို့ရှိ သင်တန်းကျောင်းတက်ခြင်း၊ OJLEC (Osaka Japanese Language Education Center)နှင့် သတ်မှတ်သော ဂျပန်တက္ကသိုလ်တို့မှ ကျင်းပသော ဝင်ခွင့်စာမေးပွဲဖြေဆိုကြေး (※)၊ ဝင်ခွင့်ရလျှင်သွင်းရသော ကျောင်းဝင်ကြေး ကျောင်းလခ တို့ကိုဤဖောင်ဒေးရှင်းမှ ကျခံမည် (ဝင်ကြေးများပေးသွင်းသည့် အခါ ကုန်ကျသည့် ငွေလွှဲခလည်းပါဝင်သည်။) သို့သော် သတ်မှတ်သော တက္ကသိုလ်ဝင်ပြီးနောက် ခန့်မှုရီဖောင်ဒေးရှင်းမှ တက္ကသိုလ်ကျောင်းလခနှင့် ပညာတော်သင်ထောက်ပံ့ကြေးကိုဤဖောင်ဒေးရှင်းကိုယ်စားထုတ်ပေးသည်လည်း ရှိနိုင်သည်။ ထို့ပြင်၊ နိုင်ငံခြားလက်တွေ့ကွင်းဆင်းမှု စသဖြင့် သတ်မှတ်သော တက္ကသိုလ်မှဘွဲ့ရရန် အတွက် မဟုတ်သော ဘာသာရပ်အတွက် ကုန်ကျစရိတ်များ၊ သတ်မှတ်သော တက္ကသိုလ်မှတောင်းသောငွေကြေးကိစ္စမှ အပ အခြားအတွက် မထုတ်ပေးပါ။

(※) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေရန်လျှောက်လွှာတင်ခ တစ်ယောက်လျှင်ယန်း(၁)သိန်းခွဲ သာသုံးခွင့်ပြုမည်။

သတိပြုရန်မှာ အောက်ပါ အခြေအနေတွင် ကျောင်းလခ ထုတ်ပေးခြင်းကို ရပ်ဆိုင်းမည်။ ထို့ပြင်၊အောက်ပါ အခြေအနေများနှင့်ကိုက်ညီနေသော်လည်းကျောင်းလခစသည့် ထောက်ပံ့မှုတို့ကို ရယူခဲ့သည်ရှိသော် ထိုကာလအတွင်း ထောက်ပံ့ပေးထားခဲ့သောကျောင်းလခ စသည်တို့ကို ပြန်ပေးရန် တောင်းဆိုခြင်းရှိနိုင်သည်။

(ဂ) ဤဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော ရန်ကုန်မြို့ရှိ သင်တန်းကျောင်းများတွင် စာသင်ယူမှု ပြဿနာဖြစ်ခဲ့လျှင်
(ခ) ပညာတော်သင်ဆုကြေးပေးမှုရပ်နားခြင်း၊ ရပ်ဆိုင်းခြင်း (သို့) ပြန်လည်ရုတ်သိမ်းခဲ့လျှင်

၆။ ရွေးချယ်ခြင်း ( အနည်းဆုံး ၄ ယောက်မှ အများဆုံး ၁၀ ယောက်ရွေးမည်။)

(၁) လျှောက်လွှာစီစစ်ပြီး အင်တာဗျူးစာမေးပွဲရှိပါသည်။ တင်သောလျှောက်လွှာစာရွက်စာတမ်းများအပေါ် အခြေခံ၍စီစစ်မှုပြုလုပ်မည်။ လျှောက်လွှာစီစစ်မှု အဆင့်အောင်သူအား အင်တာဗျူးစာမေးပွဲဖြေရန် အကြောင်းကြားမည်။ (၂၀၂၃)ခုနှစ် ဇူလိုင်လ (၇)ရက်နေ့မှ (၂၀၂၃)ခုနှစ် ဇူလိုင်လ (၁၂)ရက်နေ့ အတွင်းအကြောင်းကြားမည်။ ထိုလျှောက်လွှာစီစစ်မှုအောင်သူများသည် (၂၀၂၃)ခုနှစ် ဇူလိုင်လ (၁၅)ရက်နေ့တွင် အင်တာဗျူးစာမေးပွဲကို ဖြေဆိုရမည်။

(※)အင်တာဗျူးစာမေးပွဲသည် ဂျပန်နိုင်ငံတွင်ရှိနေသော စီမံခန့်ခွဲမှုကော်မတီဝင် ဆရာ၊ဆရာမ တို့နှင့် အွန်လိုင်း ဖြင့်ပြုလုပ်မည်ဖြစ်သည်။

(၂) အင်တာဗျူးစာမေးပွဲအောင်မြင်သူကိုဤဖောင်ဒေးရှင်းစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ ထောက်ခံတင်ပြမည်။

(၃)ဤဖောင်ဒေးရှင်းစီမံခန့်ခွဲမှုကော်မတီသည် ထောက်ခံတင်ပြသောရွေးချယ်ခံရသူကို နောက်ဆုံးအတည်ပြုရွေးချယ်ပြီး၊ ပညာတော်သင်ဆုချီးမြှင့်မည့်သူများအဖြစ် ဆုံးဖြတ်ချက်ချမည်။

(၄) ပညာတော်သင်ဆုရကျောင်းသားကို ဆုံးဖြတ်ချက်ချပြီးလျှင် ရွေးချယ်ခံရသူများအား ၂၀၂၃ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှ ၂၀၂၃ခုနှစ် ဩဂုတ် (၁၅) ရက်နေ့ ကြားထဲတွင် ဖုန်းဆက်အကြောင်းကြားမည်။

၇။ ဂျပန်နိုင်ငံ၏ သတ်မှတ်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မဖြေခင်ပြင်ဆင်ရမည့် ပညာရေး

(၁) ပညာသင်ဆုရွေးချယ်ခံရပြီးနောက် အောက်တိုဘာလ(ယာယီ)မှ မတ်အထိ(၆)လခန့်ကို ဤဖောင်ဒေးရှင်းမှ သတ်မှတ်သော အမိနိုင်ငံရန်ကုန်မြို့ရှိ သင်တန်းကျောင်းများတက်ကာ ဂျပန်ဘာသာနှင့် လိုအပ်သလို သတ်မှတ်သော အခြားအခြေခံဘာသာရပ်များကို သင်ယူရမည်။

(၂) ဂျပန်ရောက်ပြီးနောက် ဧပြီလမှစကာ Osaka Japanese Language Education Center တွင် ဂျပန်တက္ကသိုလ်ဝင်နိုင်ရန် ပြင်ဆင်သည့်သင်တန်းကာလ (၂)နှစ် ပြီးမြောက်အောင်တက်ရမည်။

(၃) ဂျပန်နိုင်ငံခြားသား ပညာတော်သင်စာမေးပွဲ(EJU) ၏ ဂျပန်စာ(စာစီစာကုံးအရေးမပါ) ရမှတ်များ အောက်ပါအတိုင်း ရအောင်ကြိုးစားရမည်။

ဂျပန်ရောက်ပြီး ပထမနှစ်၏ပထမအကြိမ်(ဇွန်လ)စာမေးပွဲ။ ရမှတ်မသတ်မှတ်သေးပါ။
ဂျပန်ရောက်ပြီး ပထမနှစ်၏ဒုတိယအကြိမ် (နိုဝင်ဘာလ)စာမေးပွဲ။ အမှတ် (၁၈၀)
ဂျပန်ရောက်ပြီး ဒုတိယနှစ်၏ပထမအကြိမ် (ဇွန်လ)စာမေးပွဲ။ အမှတ် (၂၅၀)
ဂျပန်ရောက်ပြီး ဒုတိယနှစ်၏ဒုတိယအကြိမ် (နိုဝင်ဘာလ)စာမေးပွဲ။ အမှတ် (၃၀၀)

ထို့ပြင်၊ ဒုတိယနှစ်စာမေးပွဲတွင် ရမှတ် (၂၂၀) ကိုတစ်ကြိမ်မျှမရခဲ့လျှင် ပညာသင်ထောက်ပံ့ကြေးပေးမှု ရပ်ဆိုင်းကာ အမိနိုင်ငံ ပြန်လွှတ်ရန်စဉ်းစားမည်။

၈။ လျှောက်လွှာတင်ခြင်း

လျှောက်ထားမည့်ကျောင်းသားသည် ဤဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော လျှောက်လွှာစာရွက်တွင် အချက်အလက်

များဖြည့်ကာ သတ်မှတ်ကာလအတွင်း စာရွက်စာတမ်းများကို PDF ဖိုင်တစ်ဖိုင် (ဖိုင်ဆိုဒ် 2Mb အတွင်း) ဖြင့် မြဂျပန်စာသင်ကျောင်းအီးမေးလ် <mya.japanschool@gmail.com>သို့ တင်ရပါမည်။ အီးမေလ်ပို့ပြီးလျှင် မြဂျပန်စာသင်ကျောင်းမှ ဝန်ထမ်းနှင့် စကော်လာလျှောက်သော ကျောင်းသား ကိုယ်တိုင် Messenger video call ဖြင့်ချိတ်ဆက်ကာ တင်လိုက်သော စာရွက်စာတမ်းများကို အတူစိစစ်မှု ပြုရပါမည်။ ထိုသို့ အတူ စိစစ်မှုပြီးစီးလျှင် Roll No.ထုတ်ပေးပြီးမှသာလျှင် တရားဝင် လျှောက်လွှာတင်ပြီးသား အနေနှင့် အတည်ပြုပါမည်။ တင်ပြီးသော စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်းမပြုလုပ်ပါ။

(၁) လျှောက်လွှာလက်ခံသည့်ကာလ။

(၂၀၂၃)ခုနှစ် ဇွန်လ(၁)ရက်နေ့မှ(၂၀၂၃)ခုနှစ် ဇွန်လ(၂၅)ရက်နေ့ ညနေ (၅)နာရီအထိ

(၂) တင်ရမည့်စာရွက်စာတမ်းများ

(က) ကိုယ်တိုင်လက်ရေးနှင့်ဖြည့်ထားသော ဖောင်ဒေးရှင်းမှ သတ်မှတ်သည့်လျှောက်လွှာမှုရင်း

(ခ) မြန်မာနိုင်ငံသားမှတ်ပုံတင်ကဒ် မိတ္တူ (သို့) ၁၀ နှစ်ပြည့်နိုင်ငံသားမှတ်ပုံတင်ကဒ် မိတ္တူ

(ဂ) ကျောင်းသားကဒ် မိတ္တူ (သို့) ၁၀တန်းစာမေးပွဲဖြေသည့်ကဒ် မိတ္တူ (သိမ်းဆည်းထားရှိသူတင်ပါ။)

(ဃ) အိမ်ထောင်စုစာရင်း မိတ္တူ

(င) ဆရာ၊ဆရာမ တစ်ဦးဦး၏ ထောက်ခံစာမူရင်း (ထောက်ခံစာယူနိုင်သူသာတင်ပါ။)

(စ) ၁၀ တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ (မူရင်းကို အင်တာဗျူးစာမေးပွဲဖြေချိန်တွင်ယူထားရန်)

(ဆ) ၁၀ တန်းအမှတ်စာရင်းမိတ္တူ (မူရင်းကို အင်တာဗျူးစာမေးပွဲဖြေချိန်တွင်ယူထားရန်)

ဤစာရွက်စာတမ်းများအား တင်ရမည့် နေရာကို အောက်ဖော်ပြပါ အချက် ၁၁ တွင်ကြည့်ပါ။

၉။ သတိထားရမည့် အချက်များ

(၁) ဂျပန်နိုင်ငံသို့မသွားခင်အချိန်အတွင်း ဂျပန်ဘာသာသင်ယူခြင်း၊ ဂျပန်၏ရာသီဥတု အခြေအနေ၊ ဓလေ့ထုံးစံ၊ ဂျပန်နှင့် အမိနိုင်ငံ၏ဥပဒေစည်းကမ်းမတူညီမှု၊ Osaka Japanese Language Education Center နှင့် ဂျပန်တက္ကသိုလ်အကြောင်းတို့ကို ကြိုတင်လေ့လာထားရမည်။

(၂) ဂျပန်သို့ရောက်ပြီးလျှင်ပညာတော်သင်ထောက်ပံ့ကြေးကို ချက်ချင်းထုတ်ပေးနိုင်မည် မဟုတ်၍ အသေးသုံးစားစရိတ်အဖြစ် လိုအပ်မည်ဟုယူဆရသောငွေ ယန်း(၅)သောင်းခန့် ကို ကြိုတင်ပြင်ဆင်ယူလာရမည်။

(၃) နေထိုင်ရမည့်အဆောင်နေရာ

(က) Osaka Japanese Language Education Center တွင် ပညာသင်စဉ် Japan Student Services Organization (JASSO) ၏နိုင်ငံခြားသား အဆောင် (သို့) Osaka Japanese Language Education Center မှ စီစဉ်ပေးသော အဆောင်တွင်နေထိုင်ရမည်။

(ခ) သတ်မှတ်သော ဂျပန်တက္ကသိုလ်သို့ဝင်ပြီးနောက် ဝင်သည့်တက္ကသိုလ်၏ နိုင်ငံခြားသားအဆောင် (သို့) ထိုတက္ကသိုလ်မှ စီစဉ်ပေးသော အဆောင်တွင် နေထိုင်ရမည်။

(ဂ) ဂျပန်တွင်နေထိုင်စဉ် အဆောင်နေချိန်နှင့် အဆောင်တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသည့် အခါ နေထိုင်စဉ်အတွင်း ပျက်စီးမှု အတွက် ပေးချေရမည့် စရိတ်စခများကို ကျောင်းသားကိုယ်တိုင်ကျခံရမည်ဖြစ်၍ နေ့စဉ်သန့်ရှင်းရေးလုပ်ခြင်း၊ အဆောင်၏ အသုံးအဆောင်ပစ္စည်းများကို ရိုရိုသေသေကိုင်တွယ် အသုံးပြုကြပါ။

၁၀။ ကိုယ်ရေးကိုယ်တာ အချက်အလက်များ အသုံးပြုခြင်း

ကျောင်းသားလျှောက်ထားသောလျှောက်လွှာပါ အချက်အလက်များကို ဤဖောင်ဒေးရှင်း၏ ထောက်ပံ့ကြေးပေးမှု လုပ်ငန်းဆောင်တာအတွက် လိုအပ်သောလုပ်ငန်းနှင့် အောက်ပါ ရည်ရွယ်ချက်များဖြစ်မြောက်အောင် လုပ်ဆောင်ရာတွင် လိုအပ်သည့်အတိုင်းအတာအတွင်း အောက်ပါအသုံးပြုမည့်သူများသာလျှင် အသုံးပြုသွားမည်ဖြစ်ပါသည်။

(အသုံးပြုမည့်ရည်ရွယ်ချက်)

- ဤဖောင်ဒေးရှင်းမှ ပညာသင်ထောက်ပံကြေးပေးရန် စီစစ်ခြင်း၊ ဆုံးဖြတ်ခြင်း၊နှင့် ပညာသင်ဆုပေးရေးအတွက် စဉ်းစားဆုံးဖြတ်ရန်
- ဤဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်တာများလုပ်ကိုင်မှု မှန်ကန်ခြင်းရှိ၊မရှိစစ်ဆေးဆုံးဖြတ်ရန် နှင့် လုပ်ငန်းစီမံခန့်ခွဲမှု ဆီလျှော်စွာဆောင်ရွက်ရန်

(အသုံးပြုသူများ)

- ဤဖောင်ဒေးရှင်းနှင့်ပတ်သက်သူများ (ဤဖောင်ဒေးရှင်း စီမံခန့်ခွဲမှု ကော်မတီနှင့် ကော်မတီဝင်များ၊ ဖောင်ဒေးရှင်း၏ဘဏ္ဍာငွေထိန်းသိမ်းသူ၊ ဖောင်ဒေးရှင်းမှ လုပ်ငန်းအပ်နှံထားသူ၊ ကျောင်းသားအားပမာဏရွေးချယ်သူနှင့် ဖောင်ဒေးရှင်းလုပ်ငန်းရုံးအဖွဲ့)
- Japan Student Services Origanization (JASSO), Osaka Japanese Language Education Center၊ သတ်မှတ်သောတက္ကသိုလ်၊ အဆောင် စသည်တို့နှင့် ပတ်သက်သူများ
- လုပ်ငန်းဆောင်ရွက်ရန်သက်ဆိုင်သော အဖွဲ့အစည်းများ

၁၁။ စာရွက်စာတမ်းများတင်ရမည့်နေရာနှင့် စုံစမ်းမေးမြန်းရန်

(၁) လျှောက်လွှာ တင်ရမည့်နေရာ

Kansai International Japanese Language School Alumni Myanmar Office

(OJLEC ကျောင်းသားကျောင်းသူဟောင်းများအသင်း မြန်မာရုံးခန်း)

C/O Mya Japanese Language School

Room No.54, Building No. 15, Shwe Ohn Pin Housing No. 1,

Yankin Township, Yangon, MYANMAR. (Behind Central Bank of Myanmar)

E-Mail: mya.japanschool@gmail.com TEL: 09-263686651, 09-263686652, 09-785156582

(၂) မြန်မာပြည်တွင်းစုံစမ်းမေးမြန်းလိုလျှင်

Ma Su Myat Nandar (09-263686651), Ko Myo Min Aung (09-263686652),

Ma May Thazin Oo (09-785156582)

စုံးစမ်းနိုင်ချိန် - မနက်(၉)နာရီမှ ညနေ (၅)နာရီအတွင်း

(၃) ဂျပန်နိုင်ငံသို့စုံစမ်းမေးမြန်းလိုလျှင်

Japan Student Services Organization (JASSO), Osaka Japanese Language Education Center

8-3-13 Uehonmachi, Tennoji-ku, Osaka 543-0001, Japan.

E-Mail: info-oskn@jasso.go.jp TEL: +81-6-6774-0033 FAX: +81-6-6774-0788

Office Hour: Mon - Fri. (Only Office day) 9:00-17:30 (Closed on Sat, Sun, National Holidays)

# 公益信託井内留学生奨学基金

Iuchi Charitable Trust Scholarship for International Students in Japan

# 2024 年 4 月留学生（第 10 期生）申込書

Application Form for Academic Year 2024

Japanese language ability is not required. Please fill out in English.

<table>
<tr><td colspan="3">氏名<br>(Name)</td><td rowspan="3">4 ㎝× 3 ㎝<br>顔写真貼付欄<br>Photo<br>（3 カ月以内に撮影したもの。Photo taken within 3 months）</td></tr>
<tr><td>国　籍<br>Nationality</td><td colspan="2">出生地<br>Birth place</td></tr>
<tr><td>生年月日<br>Date of Birth<br>______ ______ ______ (Age ______)<br>年 Year　月 Month　日 Day　年齢</td><td>☐Male<br>☐Female</td><td>☐Single<br>☐Married</td></tr>
<tr><td colspan="4">現住所<br>Present Address</td></tr>
<tr><td>電話<br>Telephone number</td><td colspan="3">E-mail address</td></tr>
</table>

## 家族の氏名等　Name of family members

| | 氏名<br>Name | 国籍<br>Nationality | 職業<br>Occupation | 年収<br>Yearly income |
|---|---|---|---|---|
| 父 Father | | | | Kyat |
| 母 Mother | | | | Kyat |

## 学 歴　Educational background　注：保育所、幼稚園は省く。Except for nursery or kindergarten

| | 学校名<br>Name of School | 所在地<br>Location | 入学年月～卒業(修業)年月<br>Date of Entrance ～ Date of Graduation or Completion | 修業年数<br>Regulated Period |
|---|---|---|---|---|
| 小　学　校<br>Elementary Education | | | ______ . ___～ ______ . ___<br>Year Month Year Month | 年<br>Years |
| 中　学<br>Lower Secondary School | | | ______ . ___～ ______ . ___<br>Year Month Year Month | 年<br>Years |
| 高　校<br>Upper Secondary School | | | ______ . ___～ ______ . ___<br>Year Month Year Month | 年<br>Years |
| 大　学<br>Undergraduate Level | Department 学部<br>(　　　　　　　　) | | ______ . ___～ ______ . ___<br>Year Month Year Month | 年<br>Years |

高校修了兼大学入学試験　受験（有・無）　**MATRICULATION　EXAMINATION : ( Yes・No )**

↓☑　**Please be sure to put a check mark.**

| 受験年月（予定）<br>Exam taking (expected)<br>Year.　Month | 取得点数<br>Marks | ﾐｬﾝﾏｰ語<br>Myanmar | 英語<br>English | 数学<br>Mathematics | Elective subject<br>☐Chemistry<br>☐History<br>☐<br>(　　) | Elective subject<br>☐Physics<br>☐Geography<br>☐<br>(　　) | Elective subject<br>☐Biology<br>☐Economics<br>☐<br>(　　) |
|---|---|---|---|---|---|---|---|
| Exam taken<br>____・____<br>Year　Month | ____<br>／600 | ____／100 | ____／100 | ____／100 | ____／100 | ____／100 | ____／100 |

日本語学習歴（有・無）Record of previous Japanese language study : ( Yes・No )

| 学校名 Institution | 所在地 Location | 期間 Period |
|---|---|---|
| | Phone<br>e-mail | ____・____～____・____<br>Year　Month　Year　Month |

日本語検定試験　受験（有・無）　Japanese Language test : ( Yes・No )

Please fill out, if you have already taken Japanese Language test; JLPT, J-TEST, Japanese NAT-TEST, STBJ, etc.

| 受験テスト名 Name of Test | 受験年月 Year | 受験級 Level | 取得点数 Score |
|---|---|---|---|
| | ____・____<br>Year　Month | | |
| | ____・____<br>Year　Month | | |

英語検定試験（TOEFL、TOEIC 等）　受験（有・無）　: ( Yes・No )

Please fill out if you have taken English language test: TOEFL, TOEIC, etc.

| 受験テスト名 Name of Test | 受験年月 Year | 受験級 Level | 取得点数 Score |
|---|---|---|---|
| | ____・____<br>Year　Month | | |
| | ____・____<br>Year　Month | | |

希望進路について Academic course selection

日本での希望専攻分野及び学科等　Please write the area of interest and subjects you wish to study in Japan.

① 日本に留学したい理由 及び 日本の大学でどのような学問を学びたいか？

State the reason for studying in Japan and what you wish to study at a university in Japan.

②自身の弱点は何ですか？また自身の過去の経験において、その弱点をどのように克服しましたか？

What is your weak point? How did you overcome the weak point in your past experiences?

以上のことは、すべて真実であり、私が直筆したものです。

I hereby declare the above statement is true and correct, and written by myself.

日付:　　　　　年　　月　　日

Date : 　　　　Year　　Month　　Day

保護者署名

Parents’ Signature ______________________________

本 人 署 名

Applicants’ Signature ______________________________

အိအုချိပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်းလျှောက်ထားသူများ

2-2-1 Bingomachi, Chuo ku, Osaka

Resona Bank, Ltd.

(Representative Office of Iuchi Foundation)

ရီဆိုနာဘဏ်သည် ကိုယ်ရေးကိုယ်တာအချက်အလက်များ ထိန်းသိမ်းမှုဆိုင်ရာ ဥပဒေ (၂၀၀၂ခုနှစ် ဥပဒေပြဋ္ဌာန်းအမှတ် ၅၇) အရ အိအုချိပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်း လျှောက်ထားသူများ နှင့် ပတ်သက်သော ကိုယ်ရေးကိုယ်တာအချက်အလက်များ(လျှောက်လွှာပါအချက်များ)ကို အောက်ပါ လုပ်ငန်း အကြောင်းအရာနှင့် အသုံးပြုခြင်းရည်ရွယ်ချက်ဖြစ်မြောက်မည့်အတိုင်းအတာအတွင်းသာလိုအပ်သည့်ဌာနများသို့ အသိပေးခြင်း၊အသုံးပြုခြင်း လုပ်မည်ဖြစ်ပါသည်။

လုပ်ငန်းအကြောင်းအရာ

- အိအုချိပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်းမှ ထောက်ပံ့ကြေးပေးရန်လုပ်ငန်းအတွက် လိုအပ်သော ဆောင်ရွက်မှုအဆင့်ဆင့် (ထောက်ပံ့ကြေးပေးရန်စီစစ်မှု၊ ဆုံးဖြတ်မှု၊ ဆုပေးခြင်း၊ နှင့် ဖောင်ဒေးရှင်းစီမံအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ)

အသုံးပြုမည့်ရည်ရွယ်ချက်

- ဖောင်ဒေးရှင်း၏ ပညာတော်သင်ထောက်ပံ့ကြေးဆုလျှောက်ထားသည်နှင့် ပတ်သက်သောစီစစ်မှု၊ဆုံးဖြတ်မှု၊ ဆုပေးမှု၊ စသည့်အဆင့်ဆင့်အချိန်များတွင်ဆုံးဖြတ်နိုင်ရန်
- ဖောင်ဒေးရှင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် မှန်ကန်သင့်တော်သောဆုံးဖြတ်ချက်ချနိုင်ရန် နှင့် ဖောင်ဒေးရှင်း လုပ်ငန်းများကိုစနစ်တကျစီမံခန့်ခွဲနိုင်ရန်ကိုယ်ရေးကိုယ်တာအချက်အလက်များသုံးစွဲမည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ
- ဖောင်ဒေးရှင်းနှင့်ပတ်သက်သူများ(ဖောင်ဒေးရှင်းစီမံခန့်ခွဲမှုကော်မတီနှင့်ကော်မတီဝင်များ၊ဖောင်ဒေးရှင်း၏ ဘဏ္ဍာငွေထိန်းသိမ်းသူ၊ ဖောင်ဒေးရှင်းသို့ဘဏ္ဍာငွေအပ်နှံထားသူ၊ ကျောင်းသားရွေးချယ်သူ နှင့် ဖောင်ဒေးရှင်း လုပ်ငန်း ရုံးအဖွဲ့၊ လုပ်ငန်းအပ်နှံထားသူ၊ ဖောင်ဒေးရှင်းမှသတ်မှတ်သောရန်ကုန် ရှိသင်တန်းကျောင်းများ)
- သက်ဆိုင်သောရုံးအဖွဲ့အစည်းများ

---

သို့ Resona Bank, Ltd.

ကျွန်တော်ကျွန်မတို့သည်အထက်ဖော်ပြပါအတိုင်း ဖောင်ဒေးရှင်းသို့အပ်နှံထားသော ကိုယ်ရေးကိုယ်တာအချက်အလက်များကိုစစ်ဆေးကာ၊လျှောက်လွှာတွင်ဖြည့်ထားသောအချက်အလက်များကိုစီမံခန့်မှုကော်မတီ၏အသုံးပြုမည့်ရည်ရွယ်ချက် ကိုသိရှိပြီးဖြစ်ပါသဖြင့်၊ ထိုအချက်ကို လက်ခံနားလည်သဘောတူကာ အိအုချိပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်းသို့ပညာတော်သင်ဆုကိုလျှောက်ထားပါသည်။

ခုနှစ်　　　လ　　　ရက်

လိပ်စာ။

လျှောက်ထားသူအမည် (ကာယကံရှင်လက်မှတ်)

လျှောက်ထားသူ၏ဖခင်အမည် (ကာယကံရှင်လက်မှတ်)

လျှောက်ထားသူ၏မိခင်အမည် (ကာယကံရှင်လက်မှတ်)